# ထုတ်ဝေသူအမှာ

ထမင်းဝိုင်းတစ်ဝိုင်း စိုစိုပြည်ပြည်၊ အမြင်လှလှနှင့် အရသာရှိရှိဖြစ်စေရန်အတွက် အဓိကဟင်းလျာများ၊ အရန်ဟင်းလျာများ၏ ပံ့ပိုးမှုက အင်မတန်အရေးပါပါသည်။ ထမင်းဝိုင်းထဲမှာ ဟင်းခွက်မည်မျှများနေပါစေ၊ ဖွယ်ဖွယ်ရာရာမဖြစ်သော၊ အနံ့အရသာနှင့် ပြည့်စုံမှုမရှိသောဟင်းလျာများဖြစ်နေပါက ထမင်းမြိန်မြိန်စားရသောအနေအထားကို ရရှိနိုင်မည်မဟုတ်ပါ။ တန်ဖိုးအားဖြင့် ကြီးမြင့်ခြင်းမရှိသော 'ဟင်းလျာ' ဖြစ်နေပါစေ၊ ဖွယ်ဖွယ်ရာရာဖြစ်အောင်၊ အနံ့အရသာနှင့်ပြည့်စုံအောင် ချက်ပြုတ်စီမံထားပါက 'ဆွေမျိုးမေ့မတတ်' ကောင်းမွန်ကြောင်း ချီးမွမ်းခံရမည်သာဖြစ်သည်။ ထို့ကြောင့် ဟင်းတစ်ခွက်၏ ကောင်းမွန်မှုသည် ထမင်းဝိုင်းတစ်ဝိုင်း၏ တန်ဖိုးတစ်ခုဖြစ်သည်မို့ အရသာရှိသောဟင်းကောင်းတစ်ခွက် ဖန်တီးနိုင်ရန် လွန်စွာအရေးကြီးကြောင်း သိရှိနိုင်ပါသည်။ ဤစာအုပ်တွင် အမျိုးအမည်များစွာသောဟင်းပွဲများ၊ ဟင်းပွဲဖြစ်လာစေရန် အဆင့်ဆင့်ပြင်ဆင်ချက်ပြုတ်ရသည့် နည်းလမ်းများကို ရုပ်ပုံနှင့်တကွ ပြဆိုထားပါသည်။ စားဖွယ်မြိန်မြိန် ခံတွင်းအိမ်စာအုပ်သည် ဟင်းချက်ဝါသနာပါသူများ၊ မိသားစုနှင့် မိတ်ဆွေ ဧည့်သည်များကို လက်ရာကောင်းကောင်းဖြင့် ဧည့်ခံလိုသူများအတွက် လွန်စွာ အသုံးတည့်မည် ဟုဆိုချင်ပါသည်။